ဘာသာရေးနှင့် လူမျိုးရေး အကြမ်းဖက်မှုများ အမေရိကန် စိုးရိမ်ပူပန်

သတင်းရင်းမြစ် >
အင်္ဂါနေ့၊ ဧပြီလ ၂၃ ရက် ၂၀၁၃ ခုနှစ် ၁၇ နာရီ ၂၉ မိနစ်

မြန်မာနိုင်ငံတွင်း အကြမ်းဖက်မှုများ ဖြစ်ပွါးခဲ့သော ဒေသများရှိ လူနည်းစုများ အခြေအနေနှင့် စပ်လျဥ်း၍ စိုးရိမ်ပူပန်ကြောင်း အမေရိကန်နိုင်ငံက ထုတ်ဖော်ပြောကြားလိုက်သည်။

အလားတူ အကြမ်းဘက်မှုများ ထပ်မံ မပေါ်ပေါက်စေရေးအတွက် လျော်ကန်သည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ပါရန်လည်း တောင်းဆိုလိုက်သည်။

"မြန်မာနိုင်ငံတွင်း ဖြစ်ပွါးခဲ့တဲ့ ဘာသာရေးနဲ့ လူမျိုးရေးအရ လူနည်းစုများအပေါ် လူအုပ်စုနဲ့ အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းများအပေါ် ကျနော်တို့ စိုးရိမ်ပူပန်မှုရှိဆဲ ဖြစ်ပါတယ်။ အလားတူ အကြမ်းဖက်မှုတွေ ထပ်မံမပေါ်ပေါက်စေရေးအတွက် သင့်တင့် လျော်ကန်တဲ့ ခြေလှမ်းတွေ လှမ်းပါရန်လည်း မြန်မာနိုင်ငံအစိုးရကို ကျနော်တို့ ဆက်လက်တောင်းဆိုပါတယ်။ အကြမ်းဖက် ခံရသူတွေအပေါ် အကာအကွယ် အထောက်အပံ့တွေ ပေးဖို့၊
ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည်တွေနဲ့ အခြား အလားတူ လိုအပ်နေသောသူတွေဆီ လူသားချင်း စာနာတဲ့ အကူအညီ အထောက်အပံ့တွေ ပုံမှန် အဆီးအတားမရှိ အချိန်မီ ရောက်ရှိစေရန် အတွက်လည်း တောင်းဆိုပါတယ်" ဟု အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပက်ထရစ် ဗင်ထရဲလ် (Patrick Ventrell) က တနင်္လာနေ့က ပြောကြားလိုက်ကြောင်း PTI သတင်းတရပ်တွင် ဖော်ပြပါရှိသည်။

၎င်းက ဆက်လက်၍ "လူ့အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့၊ အခြေခံ လွတ်လပ်ခွင့်တွေကို လေးစားလိုက်နာဖို့ အစိုးရ၊ ဘာသာရေးခေါင်းဆောင်တွေနဲ့ လူထုအခြေပြု အဖွဲ့အစည်းများက ကိုယ်စားလှယ်များကို ကျနော်တို့အလေးပေး ပြောဆိုပါတယ်။ မြန်မာနိုင်ငံတွင်း ထာဝရ တည်တံ့မယ့်ငြိမ်းချမ်းရေးဆီ ရေးရှုချီတက်ရန်မှာ ပြန်လည် ပေါင်းစည်းရေး၊ နစ်နာမှုများကို ဖြေရှင်းပေးရေး၊ ပြန်လည် ရင်ကြားစေ့ရေးတို့နဲ့သာ လုပ်ဆောင်နိုင်မှာ
ဖြစ်ပါတယ်" ဟု ဗင်ထရဲလ် က ထည့်သွင်းပြောကြားသွားသည်။

မြန်မာအာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံမှုကို အမေရိကန်က ဆက်လက်ပြုလုပ်သွားမည်ဟုလည်း သူက ဆက်လက်ပြောဆိုလိုက်သည်။

"ထိခိုက်နစ်နာခဲ့တဲ့ လူ့အသိုင်းအဝိုင်းတွေအတွက် တရားမျှတမှု ရှိစေရေး ဆောင်ရွက်ပေးဖို့၊
အကြမ်းဖက်မှုများရဲ့ အရင်းခံ အကြောင်းတရားတွေကို ဖြေရှင်းဆောင်ရွက်ပေးဖို့၊ အလားတူ ပဋိပက္ခတွေ ထပ်မံဖြစ်ပွါးစေခြင်း မရှိဘဲ တိုင်းရင်းသားလူမျိုးစုများ အတူယှဉ်တွဲနေထိုင်နိုင်စေရေး လိုအပ်တဲ့ အစီအစဉ်တွေ ချမှတ်ဆောင်ရွက်ရန် တို့ကိုလည်း မြန်မာအစိုးရကို ဆက်လက် တိုက်တွန်းသွားမှာ ဖြစ်ပါတယ်" ဟု ပက်ထရစ် ဗင်ထရဲလ် က
ပြောဆိုလိုက်သည်။

၂၀၁၂ ခုနှစ်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွါးခဲ့သော အကြမ်းဘက်မှုကို စုံစမ်းစစ်ဆေးရန် လွတ်လပ်သည့် စုံစမ်းရေး
ကော်မရှင်တရပ်ကို မြန်မာနိုင်ငံကဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး မကြာမီ အစီရင်ခံစာ
ထုတ်ပြန်နိုင်လိမ့်မည်ဟုလည်း သူက ဆက်လက်ပြောဆိုသည်။

"ရခိုင်ပြည်နယ်အတွင်း လူမျိုးတုံး သတ်ဖြတ်မှုများ ဖြစ်ပွါးခဲ့သည်ဟု အမေရိကန်ပြည် ထောင်စုက ယုံကြည်ပါသလား" ဟု အတိအလင်း မေးမြန်းချက်တခုကိုလည်း "ဒီလိုသတင်းတွေ ထွက်ပေါ်နေတာကို ကျနော်တို့ သိရှိပါတယ်။ ပေါ်ပေါက်လျက်ရှိတဲ့ အခြေအနေတွေကို အမေရိကန် ပြည်ထောင်စုက အနီးကပ် ဆက်လက် စောင့်ကြည့်လေ့လာလျက် ရှိပါတယ်။ သတင်းအချက်အလက်တွေ ရရှိလာတဲ့ အခါလည်း ဒါတွေကို ထည့်သွင်း စဉ်းစားပါတယ်။ ဒီလို စွပ်စွဲချက်တွေ ထွက်ပေါ်လာတိုင်းလည်း စုံစမ်းလေ့လာမှုတွေ ပြုလုပ်ပါတယ်" ဟု အမေရိကန် အစိုးရ ပြောရေးဆိုခွင့်ရှိသူ မစ္စတာသူ ပက်ထရစ် ဗင်ထရဲလ် က ဖြေကြားသွားကြောင်း ဝါရှင်တန်မှ ပေးပို့သည့် PTI သတင်းတရပ်တွင် ရေးသားထားသည်။